# Fred Hutchinson Cancer Research Center
# University of Washington

**သုတေသနတွင် ပါဝင်ရန် သဘောတူညီချက် ပုံစံတို**

သဘောတူညီချက် အမှတ်။ ။ ______________________________________________

အဓိက စုံစမ်းလေ့လာသူ အမည်။ ။ ___________________________________________

*သင်သည် တရားဝင် ခွင့်ပြုချက်ရရှိသူ ကိုယ်စားလှယ် သို့မဟုတ် အုပ်ထိန်းသူအဖြစ် ဆောင်ရွက်နေပါက သို့မဟုတ် ဤလေ့လာချက်တွင် ပါဝင်သည့် ကလေးတစ်ဦးအတွက် ခွင့်ပြုချက်ပေးသည့် မိဘဖြစ်ပါက "သင်" နှင့် "သင်၏" ဟူသည့်စကားလုံးများသည် သင်မှ သဘောတူညီချက် သို့မဟုတ် မိဘခွင့်ပြုချက်ပေးနေသူကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။*

**သုတေသန လေ့လာချက်တစ်ခုတွင် ပါဝင်ရန် သင့်အား ဖိတ်ကြားနေပါသည်**

ဤလေ့လာချက်တွင် ပါဝင်ရန် ဆုံးဖြတ်သည့်အခါ အချိန်ယူ ဆုံးဖြတ်သင့်ပါသည်။ သင်၏ ဆုံးဖြတ်ချက်ကို သင်၏မိသားစု၊ သင်၏မိတ်ဆွေများတို့နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။

ပါဝင်ရန် မဆုံးဖြတ်မီ အောက်ပါ အချက်အလက်များ ကျွန်ုပ်တို့ရှင်းပြပါမည် -

1. ဤလေ့လာချက် ပြုလုပ်ရခြင်း အကြောင်းရင်း၊
2. လေ့လာနေစဉ်တွင် မည်သို့ဖြစ်မည်နှင့် စမ်းသပ်ရေးဖြစ်သည့် လုပ်ငန်းစဉ်မှန်သမျှ အကြောင်း
3. လေ့လာမှုတွင်ပါဝင်ခြင်း၏ ကြိုတင်သိမြင်နိုင်သော အန္တရာယ်များနှင့် အကျိုးကျေးဇူးများ၊
4. လေ့လာမှုတွင်ပါဝင်ရန် အခြားနည်းလမ်းများနှင့် ၎င်းတို့၏ ာအန္တရာယ်များနှင့် အကျိုးကျေးဇူးများ၊
5. သင်၏ ကိုယ်ရေးကိုယ်တာနှင့် လျှို့ဝှက်ကိစ္စများအား ကာကွယ်ပေးထားပုံ၊
6. မေးစရာများရှိပါက ဆက်သွယ်ရမည့်သူ။

သက်ဆိုင်သည့်အခါများတွင် အောက်ပါတို့ကိုလည်း ရှင်းပြပါမည် -

1. လေ့လာမှုတွင် သင်ထိခိုက်ဒဏ်ရာရပါက ဆေးကုသခ ပေးမည့်သူ၊
2. ကျွန်ုပ်တို့ မသိသေးသည့် အန္တရာယ်များကျရောက်နိုင်မှု အလားအလာ၊
3. လေ့လာမှုမှ သင့်ကို ဖယ်ရှားနိုင်မည့် အကြောင်းများ၊
4. လေ့လာမှုတွင် ပါဝင်သည့်အတွက် ကုန်ကျစရိတ်များ၊
5. လေ့လာမှုတွင် မပါဝင်တော့ရန် သင်ဆုံးဖြတ်လျှင် မည်သို့ဖြစ်မည်၊
6. လေ့လာမှုနှင့်သက်ဆိုင်သည့် တွေ့ရှိချက်အသစ်များ သင်မည်သည့်အချိန်တွင် သိလာရမည်၊
7. လေ့လာမှုအတွက် လူဘယ်နှစ်ဦး စီမံထားသည်၊
8. သင့်စိတ်ကြိုက် ရွေးချယ် ပါဝင်နိုင်သည့် အခြားလေ့လာချက်များ။

အမေရိကန် ပြည်ထောင်စု ဥပဒေ၏ တောင်းဆိုချက်နှင့်အညီ ဤဆေးကုသရေး စမ်းသပ်မှုဆိုင်ရာ ဖော်ပြချက်ကို www.clinicaltrials.gov တွင် ရယူနိုင်ပါသည်။ ဤဝက်ဆိုက်တွင် သင်မည်သူမည်ဝါဖြစ်ကြောင်း ထောက်ပြသည့် အချက်အလက်များ မပါဝင်ပါ။ အများဆုံးအနေဖြင့် ဤဝက်ဆိုက်တွင် ရလဒ်များ၏အကျဉ်းချုပ်ကို ဖော်ပြပေးပါမည်။ ဤဝက်ဆိုက်တွင် သင်သည် အချိန်မရွေး ရှာကြည့်နိုင်ပါသည်။

Fred Hutchinson Cancer Research Center
University of Washington

**သုတေသနတွင် ပါဝင်ရန် သဘောတူညီချက် ပုံစံတို**

**သင်၏ ရပိုင်ခွင့်များ**

ဤလေ့လာချက်တွင် သင်မဖြစ်မနေပါဝင်ရန် မလိုပါ။ ပါဝင်လိုမလိုကို သင် လွတ်လပ်စွာ ပြောဆိုနိုင်ပါသည်။ လေ့လာမှုတွင် ပါဝင်ပါက ပြီးဆုံးသည့်အထိ နေရန် မလိုပါ။ သင် အချိန်မရွေး ရပ်စဲနိုင်ပါသည် (လေ့လာမှုမစမီကပင် ရပ်စဲနိုင်ပါသည်)။ မပါဝင်လိုကြောင်း သို့မဟုတ် ရပ်စဲကြောင်း ပြောဆိုသည့်အတွက် အပြစ်ဒဏ် မရှိပါ။ သင်၏ ပုံမှန်ဆေးကုသမှုတွင် ပြောင်းလဲမဟုတ်ပါ။

ဤပုံစံတွင် လက်မှတ်ထိုးလိုက်ခြင်းဖြင့် ဤလေ့လာမှုတွင် သင်နေထိုင်မကောင်းဖြစ်ပါက သို့မဟုတ် ထိခိုက်ဒဏ်ရာရပါက ငွေကြေးတောင်းဆိုရန် သင်၏ တရားဝင် ရပိုင်ခွင့်များ သင်ဆုံးရှုံးခံရမည် မဟုတ်ပါ။

သင် ပါဝင်ရန် သဘောတူပါက ဤပုံစံမိတ္တူ တစ်စောင်နှင့် ဤလေ့လာမှုအတွက် သဘောတူညီချက်ပုံစံကို အင်္ဂလိပ်ဘာသာဖြင့် မိတ္တူတစ်စောင် သင်ရပါမည်။

**အချက်အလက်များ ထပ်မံရယူရန်**

ဤလေ့လာမှုအကြောင်းသော်၄င်း၊ ဤလေ့လာမှုနှင့်ဆက်စပ်သည့် ထိခိုက်ဒဏ်ရာ တစ်ခုအကြောင်းသော်၄င်း မေးစရာရှိလျှင် ________________________________ ရှိ အဓိက လေ့လာသူ ______________________________ အား ဆက်သွယ်နိုင်ပါသည်။

လေ့လာမှုတစ်ရပ်တွင် ပါဝင်သူအဖြစ် သင်၏ရပိုင်ခွင့်များအကြောင်း သို့မဟုတ် ထိခိုက်ဒဏ်ရာ ရပါက မည်သို့ပြုလုပ်ရမည်အကြောင်း မေးစရာများရှိပါက (ဖရက်ဟတ်ချင်စန် ကင်ဆာသုတေသန ဗဟိုဌာန) Fred Hutchinson Cancer Research Center အဖွဲ့အစည်းဆိုင်ရာ သုံးသပ်မှုရုံး ညွှန်ကြားရေးမှူး (ကယ်ရင်ဟန်စင်) Karen Hansen အားလည်း 206-667-4867 တွင် ဆက်သွယ်နိုင်ပါသည်။

**ထိုးမြဲလက်မှတ်**

ဤပုံစံတွင် သင်လက်မှတ်ထိုးလိုက်ပါက ဤလေ့လာမှုအကြောင်း ကျွန်ုပ်တို့မှ သင့်အားပြောပြပြီး ဖြစ်ကာ သင်မှ သင်၏ဆန္ဒအလျောက် ပါဝင်ရန် သဘောတူသည်ဟု ဆိုလိုပါသည်။

________________________________________ ______________

ပါဝင်သူ၏ သို့မဟုတ် သက်ဆိုင်ပါက တရားဝင်ခွင့်ပြုချက်ရ ကိုယ်စားလှယ်၏ အမည် အပြည့်အစုံနှင့် ထိုးမြဲလက်မှတ် — ရက်စွဲ

________________________________________________________________

သက်ဆိုင်ပါက တရားဝင်ခွင့်ပြုချက်ရ ကိုယ်စားလှယ်နှင့် ပါဝင်သူတို့ တော်စပ်ပုံ

________________________________________ ______________

စကားပြန်/မျက်မြင်သက်သေ၏ အမည် အပြည့်အစုံချက်နှင့် ထိုးမြဲလက်မှတ် — ရက်စွဲ